# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

## (၁၈) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၇၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၇.၅၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပထမကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၅-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့အမည်စာရင်းကို လွှတ်တော်အခွင့်အရေးကော်မတီမှ စုစည်းတင်ပြခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ကိုယ်စားလှယ် ၄၂၆ ဦး၊ တက်ရောက်တဲ့ကိုယ်စားလှယ် ၃၇၃ ဦး ခွင့်ပန်ကြားသူပေါင်း ၅၃ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူ ၅၃ ဦးအနက် ယခင်ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦးဖြစ်ပြီးတော့ ယနေ့ခွင့်ပန်ကြားသူ ၄၅ ဦးဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁ ရက်၊

(၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၃) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၄) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၂ ရက်၊

(၆) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၇) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၈) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၉) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၅ ရက်၊

(၁၀) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၁၁) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၂ ရက်၊

(၁၂) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၃) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၁၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၁၅) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၂ ရက်၊

(၁၆) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက် ခွင့် ၅ ရက်၊

(၁၇) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၁၈) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၉) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၂၀) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၂၁) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၂၂) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၂၃) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၂၄) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်

(၂၅) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၁ ရက်၊

(၂၆) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၃ ရက်၊

(၂၇) ခရမ်းမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၂၈) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း(ခ) ဦးဇော်ကိရ်အာမတ်အစည်းအဝေး ပြီးဆုံးသည်ထိ၊

(၂၉) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၃၀) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၃၁) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၃၂) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၃၃) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၂ ရက်၊

(၃၄) မြိတ်မဲဆန္ဒနယ်မှ ဦးငွေးမြင့် ခွင့် ၁ ရက်၊

(၃၅) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၅ ရက်၊

(၃၆) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၃၇) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၃၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၃၉) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၂ ရက်၊

(၄၀) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၄၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၄၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၄၃) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၄၄) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်နှင့်

(၄၅) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၅ ရက်တို့ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပန်ကြားသူ ၄၅ ဦးကို ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အောက်ခြေအလုပ်သမားများအတွက် အနိမ့်ဆုံးလစာသတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ကိုယ်စား ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၏ကိုယ်စား ကျွန်မမေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ယခုတလော ဂျာနယ်များတွင် အလုပ်သမားနှင့် အလုပ်ရှင်များပြဿနာ၏အဓိကအချက်မှာ လုပ်ခလစာကြောင့်ဖြစ်ရခြင်းကို လေ့လာသုံးသပ်မိပါတယ်ရှင်။ ဒီမေးခွန်းမေးမြန်းရခြင်းမှာ ထိုအလုပ်သမားများတွင် အမျိုးသမီးအလုပ်သမားများ ပိုမိုပါဝင်များပြားနေခြင်းကြောင့်ဖြစ်ပါတယ်။ အလုပ်သမားများ၏အခြေခံလစာနှုန်းကိုသတ်မှတ်ပေးပါက အမျိုးသမီးများသာမက အမျိုးသားများ၊ အမျိုးသမီးများအတွက်ပါ အကျိုးရှိမည်ဖြစ်ပါတယ်။ အလုပ်ရှင်နှင့် အလုပ်သမားများ၏ပြဿနာများကိုလည်း ပြေလည်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လုပ်ခလစာဖြင့်စားဝတ်နေရေးကို ဖြေရှင်းနေရသောအောက်ခြေအလုပ်သမားများအတွက် အနိမ့်ဆုံးလစာသတ်မှတ်ပေးပါရန်အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

[ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်ကိုယ်စား ဒေါ်ဇာတလဲမ်း၊ ထန်တလန်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ၏မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လုပ်ခလစာဖြင့်စားဝတ်နေရေးကိုဖြေရှင်းနေရသော အောက်ခြေအလုပ်သမားများအတွက် အနိမ့်ဆုံးလစာသတ်မှတ်ပေးရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။ အနည်းဆုံးအခကြေးငွေဥပဒေကို နိုင်ငံတော်သမ္မတက ဇွန်လ ၄ ရက်နေ့တွင်

အာဏာသက်ရောက်ကြောင်း အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၃) ဖြင့်ထုတ်ပြန်ကြေညာပြီး ဖြစ်ပါတယ်။ အနည်းဆုံးအခကြေးငွေနည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပြီးလည်းဖြစ်ပါတယ်။ အဆိုပါ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၃ နှင့် ၄ တို့အရ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းရန် ကိုယ်စားလှယ်အမည်စာရင်းတောင်းခံနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ ဆက်လက်ဆောင်ရွက်သွားရန်ခွင့်ပြုသဖြင့် အနည်းဆုံးအခကြေးငွေနည်းဥပဒေပုဒ်မ ၃ နှင့် ၄ အရ အမျိုးသားကော်မတီဖွဲ့စည်းရာတွင် တာဝန်ပေးအပ်သင့်သည့်အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာလုပ်ငန်းကျွမ်းကျင်ပြီး အလုပ်ရှင်၊ အလုပ်သမားတို့ကြား မျှတစွာဆောင်ရွက်မည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းများတောင်းခံထားရှိပြီးလည်းဖြစ်ပါတယ်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းပြီးနောက် အမျိုးသားကော်မတီမှဥပဒေပုဒ်မ ၅(ခ) အရ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ထိုသို့ ဖွဲ့စည်းနိုင်ရေးအတွက် ကိုယ်စားလှယ်အမည်စာရင်းများတောင်းခံနိုင်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အမျိုးသားကော်မတီသို့တင်ပြနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ အကြောင်းကြားထားပြီးလည်းဖြစ်ပါတယ်။ ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကော်မတီများဟာ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အခြေခံရမည့်အချက်များဖြင့် သတ်မှတ်သင့်သည့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို အမျိုးသားကော်မတီသို့ သဘောထားအကြံပြုချက်များတင်ပြရမှာဖြစ်ပါတယ်။ အမျိုးသားကော်မတီဟာ ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကော်မတီများမှတင်ပြလာတဲ့ အကြံပြုချက်များကိုလေ့လာစိစစ်ပြီး သတ်မှတ်သင့်သော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန် ရက်ပေါင်း ၆၀ ကြိုတင်၍ ထုတ်ပြန်ကြေညာရမှာဖြစ်ပါတယ်။ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများ ကန့်ကွက်ချက်ရှိခဲ့လို့ရှိရင် အဆိုပါရက်ပေါင်း ၆၀ အတွင်း ပြီးစီးအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကန့်ကွက်ချက်

မရှိခဲ့ရင်တော့ သက်ဆိုင်ရာအနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်သတ်မှတ်ပြီး အများပြည်သူသိရှိရန် အမိန့်ကြော်ငြာစာကို နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာများမှာထည့်သွင်းကြေညာသွားမှာဖြစ်ပါတယ်။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာမှာ လည်း ဒေသအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်နိုင်ရေးလုပ်ဆောင်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မင်းပြားမြို့ ကမ်းပြိုထိန်းသိမ်းရေးကိုဆောင်ရွက်ရာ၍ ကျွမ်းကျင်ပညာရှင်များက ကွင်းဆင်းလေ့လာပြီး ကောင်းမွန်သောနည်းပညာများဖြင့် ကမ်းပြိုခြင်းကိုထိန်းသိမ်းရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ကိုယ်စား မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များကို ကာယသုခ၊ စိတ္တသုခ နှစ်ဌာနနဲ့ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားသမှုဖြင့် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်ရဲ့ကိုယ်စားမေးခွန်းကို မေးမြန်းမှာဖြစ် ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ရဲ့ ကစ္စပနဒီလို့ ခေါ်တဲ့ လေးမြို့မြစ်ဟာ ချင်းပြည်နယ်က မြစ်ဖျားခံပြီးတော့ ပလက်ဝမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မြေပုံ မြို့နယ်နှင့် ပေါက်တောမြို့နယ်တွေကိုစီးဝင်သွားတဲ့မြစ်တစ်စင်းဖြစ်ပါတယ်။ လေးမြို့မြစ်ဟာ မတ်စောက်တဲ့တောင်တန်းတွေပေါ်က မြစ်ဖျားခံပြီးတော့တစ်ကြောင်း၊ မြစ်ဟာတိုတောင်းလွန်းတာက တစ်ကြောင်း၊ နောက်ပြီးတော့ မိုးရေချိန်လက်မ ၂၀၀ ကျော်ရွာသွန်းတဲ့ဒေသဖြစ်လို့တစ်ကြောင်း အဲ့ဒီ အကြောင်းကြောင်းတွေကြောင့် အလွန်ရေစီးပြင်းထန်တဲ့မြစ်တစ်စင်းလည်းဖြစ်ပါတယ်။ မင်းပြားမြို့ မြို့မိမြို့ဖတွေနဲ့ဖွဲ့စည်းထားတဲ့ ကမ်းပြိုထိန်းသိမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ရဲ့တင်ပြချက်အရ နှစ်စဉ်ကမ်းပြိုမှုဟာ အနံ ၁၀ ပေကနေပြီးတော့ ပေ ၂၀ အထိ ယခုလို မိုးရာသီပြင်းထန်တဲ့ကာလများ မှာဆိုရင် ပေ ၅၀ ထိအောင်ပြိုကျတယ်လို့သိရှိရပါတယ်။ ယခုအချိန်အထိ မင်းပြားမြို့တွင်းမြေအလျား ဟာ ၁ မိုင်နှင့် ၄ ဖာလုံ၊ အနံအားဖြင့် ၆ ဖာလုံခန့် ပြိုကျပျက်စီးသွားပြီးဖြစ်ကြောင်းလည်းသိရပါတယ်။ အဲ့ဒီလို ပျက်စီးသွားတာကြောင့် ပြည်သူ့ဆေးရုံ၊ မီးသတ်ဝင်း၊ ဆန်စက်ကွင်း၊ ဘောလုံးကွင်း၊ သမဝါယမ

အရောင်းဆိုင်များအပါအဝင် အိမ်ခြေ ၁၀၀၀ ခန့်ဟာလည်း မူလနေရာက ပြောင်းရွှေ့သွားခဲ့ရပြီးဖြစ်ကြောင်းလည်းတင်ပြထားပါတယ်။ မင်းပြားမြို့ကမ်းပြိုထိန်းသိမ်းခြင်းကို နှစ်စဉ်နိုင်ငံတော်က ဘဏ္ဍာငွေတွေချပေးပြီးတော့ သဲအိတ်ချခြင်း၊ ကျောက်ထုတ်ချခြင်း၊ တိုင်လုံးများစိုက်ခြင်း၊ ကွန်ကရစ်နံရံများတည်ဆောက်ခြင်းစသည်ဖြင့် ကာကွယ်ထိန်းသိမ်းခဲ့ကြပါတယ်။ သို့သော်လည်း အောက်ခံမြေလွှာမာကျောမှုမရှိတာကတစ်ကြောင်း၊ နုန်းမြေအမျိုးအစားဖြစ်တာကတစ်ကြောင်း အောက်ခြေပေ ၂၀ အနက်အထိအောင် လှိုက်စားပြီးတော့ တိုက်စားတဲ့အတွက်ကြောင့် ပြိုကျမြဲ၊ ပြိုကျဆဲဖြစ်ပါတယ်။ ဘဏ္ဍာငွေတွေကလည်း သဲထဲရေသွန်ဖြစ်သွားရပါတယ်။ မြို့မိမြို့ဖများရဲ့ အကြံပြုတင်ပြချက်ကတော့ မင်းပြားမြို့အထက်ဘက် ၃ မိုင်အကွာအဝေးမှာရှိတဲ့ ရာမောင်တံတားကိုတည်ဆောက်တဲ့အခါမှာ အဲ့ဒီတံတားကို ကမ်းမပြိုရအောင်အတွက် မြစ်ညာကနေပြီးတော့ ပိုင်တိုင်ကြီးတွေကို စက်တွေနဲ့စိုက်ထူပြီးတော့ ထိန်းသိမ်းခဲ့တာကြောင့် အဲ့ဒီ ရာမောင်တံတားရဲ့မြေနေရာဟာ မပြိုမပျက်ဘဲတည်တံ့ခဲ့ကြောင်းလည်းသိရှိရပါတယ်။ မင်းပြားမြို့ကမ်းပြိုထိန်းသိမ်းခြင်းကို အချိန်မီမဆောင်ရွက်နိုင်ပါက ရေတိုက်စားမှုကြောင့် မင်းပြားမြို့ရဲ့ဧရိယာဟာ ကျဉ်းလာပြီးတော့ ကြိမ်းတောင်ခြေရင်းအထိရောက်ရှိအောင် မင်းပြားမြို့လည်း ပျက်စီးပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဖြစ်ရပ်ဟာ ရွာတစ်ရွာ၊ လယ်ကွင်းတစ်ကွင်းပျက်စီးရတဲ့အရေးမဟုတ်ဘဲ ရခိုင်ပြည်နယ်ရဲ့ စည်ကားတဲ့မြို့တစ်မြို့ပျက်စီးသွားရမှာဖြစ်လို့ ကျွန်တော်တို့ အရှုံးပေးလက်ပိုက်ကြည့်နေလို့မဖြစ်ပါဘူး။ ဖြစ်တဲ့နည်းနဲ့ကာကွယ်သင့်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်မရှိလို့ တင်ပြရန်အခက်အခဲရှိနေတဲ့ အားကိုးရာမဲ့ မင်းပြားမြို့သူမြို့သားများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းပြီးအကူအညီတောင်းခံအပ်ပါတယ်-

မင်းပြားမြို့ကမ်းပြိုထိန်းသိမ်းရေးဆောင်ရွက်ရာ၌ သမရိုးကျထိန်းသိမ်းလုပ်ဆောင်နေခြင်းသည် နိုင်ငံတော်၏ဘဏ္ဍာငွေများကို အကျိုးမရှိ အလဟသဖြုန်းတီးရာရောက်ပါသဖြင့် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ကွင်းဆင်းလေ့လာပြီး ပိုမိုကောင်းမွန်သော နည်းပညာများအသုံးပြု၍ ကမ်းပြိုခြင်းကိုထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

[ ဦးသာစိန်၊ ကျောက်တော်မဲဆန္ဒနယ်ကိုယ်စား ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှမေးမြန်းပါသည်။]

**ဂန့်ဂေါမြို့တွင် စံချိန်မီလေယာဉ်ကွင်းတစ်ကွင်းတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် မေးခွန်းများကိုသာ မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းဦးစီးဌာနနှင့် စပ်လျဉ်းပြီး ဒေသအကျိုး၊ ပြည်သူများရဲ့အကျိုးကိုရည်ရွယ်ပြီး ယခုလိုမေးမြန်းတင်ပြခြင်းပဲဖြစ်ပါ တယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါမြို့မှာ ၁၉၅၀ ခုနှစ် ခန့်ကဖောက်လုပ်တည်ဆောက်ထားခဲ့တဲ့ အလျား ၄၅၀၀ပေ၊ အနံ ၂၅၀ ပေခန့်ရှိတဲ့ လေယာဉ်ကွင်း တစ်ကွင်းရှိခဲ့ပါတယ်။ ၁၉၅၁ ခုနှစ် မတ်လမှစတင်ကာ ဒါကိုတာနှင့် တွင်အော်တာခေါ်လေယာဉ်များ ၁၉၈၂ ခုနှစ်အထိ နှစ်ပေါင်း ၃၀ ကျော်ခန့်ပြေးဆွဲခဲ့ပြီးလည်းဖြစ်ပါတယ်။ လေယာဉ်ပြေးဆွဲမှုများကို ၁၉၈၃ ခုနှစ်မှစတင်ပြီးရပ်နားထားခဲ့ရာ ယနေ့အထိဆိုပါက နှစ်ပေါင်း ၃၀ ခန့်ရှိနေပြီဖြစ်ပါတယ်။ ယခု အခါ ခေတ်နဲ့အညီ ခရီးသွားပြည်သူများကလည်း အချိန်ကိုတန်ဖိုးရှိစွာအသုံးချလာတတ်ကြပြီဖြစ်လို့ မြန်မြန်ဆန်ဆန်နဲ့ လိုရာခရီးကိုသွားလိုတဲ့ဆန္ဒများနဲ့ ဒေသအတွင်းမှာ လေယာဉ်ပြန်လည်ပြေးဆွဲပေး စေလိုလျက်ရှိပါတယ်။ နိုင်ငံတော်မှ လေယာဉ်ပြေးဆွဲပေးပါကလည်း ဂန့်ဂေါမြို့နယ်မှ ခရီးသွား ပြည်သူများအတွက်သာမက ချင်းပြည်နယ်အလယ်ပိုင်းမှ ခရီးသွားပြည်သူများအတွက်ပါ အဆင်ပြေ အကျိုးရှိမှာဖြစ်ပါတယ်။ ဂန့်ဂေါမြို့မှာ ခေတ်နဲ့အညီ လေယာဉ်များဆင်းသက်နိုင်တဲ့ လေယာဉ်ကွင်း သစ်ဖောက်လုပ်ပေးမည်ဆိုပါကလည်း လုံလောက်သောအလျား၊ အနံဧရိယာရှိတဲ့မြေနေရာလည်း မြို့နဲ့အနီးပတ်ဝန်းကျင်မှာ အဆင်သင့်ရှိပြီးဖြစ်ပါတယ်။ သို့မဟုတ်ပါကလည်း လက်ရှိလေယာဉ်ကွင်း ဟောင်းအား ပြန်လည်ပြုပြင်၍ ဆင်းသက်နိုင်တဲ့လေယာဉ်အမျိုးအစားများဖြင့် ပြန်လည်ပြေးဆွဲပေး ရန် ဒေသရှိပြည်သူများမှ လိုလားလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတာကတော့ ဂန့်ဂေါမြို့ရှိ (၁) ယခင်မူလ လေယာဉ်ကွင်းဟောင်းအား ပြန်လည်ပြုပြင်၍ လေယာဉ်ခရီးစဉ်များ ပြန်လည် ပြေးဆွဲပေးရန်အစီအစဉ်ရှိပါသလား။ (၂) အစီအစဉ်ရှိပါက ပြေးဆွဲပေးမည့်အချိန်ကာလနှင့်

ပြေးဆွဲပေးမည့်အစီအစဉ်အားသိရှိလိုပါတယ်။ (၃) ခေတ်နဲ့အညီလေယာဉ်များဆင်းသက်ပြေးဆွဲနိုင်သော စံချိန်မီလေယာဉ်ကွင်းအသစ်ကို ဂန့်ဂေါမြို့နဲ့အနီးဆုံးပတ်ဝန်းကျင်တွင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်ကိုသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက မေးမြန်းထားတဲ့မေးခွန်းနှစ်ခုကို တစ်ပေါင်းတည်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန်၏ကိုယ်စား မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမှမေးမြန်းတဲ့မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်မှပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မင်းပြားမြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ ကျပ်သန်းပေါင်း ၂၄၆.၄၀၆ သန်းကိုသုံးစွဲပြီးတော့ သဲမွေ့ယာချထားခြင်း ၁၃၂၀ ပေ၊ Geotube ချထားခြင်း ၂၄၉၀ ပေ၊ ကျောက်စီတမံ ၅၃၀ ပေ၊ Steel Basket မြေထိန်းနံရံ ၁၂၀ ပေ၊ Steel Basket အခြေပြုကျောက်စီနံရံ ၈၀၀ ပေ၊ Timber Pile အခြေပြုကျောက်စီနံရံ ၅၀ ပေ၊ မျောတိုင်တိုင်တန်းသဲအိတ်ခံကျောက်စီ ရေလွှဲရေကာ ၅၀ ပေ ၃ ခု ၁၅၀ ပေကို ဒီ ၁၂ နှစ်ကာလအတွင်းမှာဆောင်ရွက်ပေးခဲ့ပါတယ်။ မင်းပြားမြို့အထက်ဘက်မှာရှိတဲ့ လေးမြို့မြစ်ရဲ့မြစ်ကြောင်းပုံသဏ္ဌာန်အရ ရေလမ်းကြောင်းပြောင်းလွှဲ၍ တူးမြောင်းဖောက်လုပ်ရန်မဖြစ်နိုင်ခြင်း၊ မင်းပြားမြို့မြစ်ကမ်းတစ်လျှောက်နှင့် မြို့အထက်ဘက်ရှိ မြစ်ကမ်းတစ်လျှောက်မှာ ရေအနက်မြင့်မားတဲ့အတွက် ရေလွှဲ ရေကာများတည်ဆောက်ရန် မလွယ်ကူခြင်းတို့ကြောင့် တိုက်ရိုက်ကာကွယ်နည်းစနစ်ဖြစ်သော ကမ်းထိန်းတမံများနှင့် ကမ်းထိန်းနံရံများအားတည်ဆောက်ကာကွယ်ပေးရခြင်းဖြစ်ပါတယ်။ မင်းပြားမြို့ကမ်းပြိုကာကွယ်ရေးအတွက် ရေလမ်းကြောင်းပြောင်းလွှဲရန်မလွယ်ကူသည့်အတွက် ကမ်းထိန်းတမံများနဲ့အတူ ရေကာတာအတိုများအား

အုန်းတိုင် သို့မဟုတ် ကွန်ကရစ်တိုင်များအသုံးပြု၍ အဆင့်ဆင့်တည်ဆောက်ကာကွယ်ရန်လိုအပ်ပါတယ်။ နှစ်စဉ်ခွင့်ပြုရရှိတဲ့ရန်ပုံငွေအပေါ်မူတည်ပြီးတော့ ကွင်းအခြေအနေအရ လုပ်ငန်းသုံးပစ္စည်းများအားရွေးချယ်အသုံးပြုသွားရမှာဖြစ်ပါတယ်။ ထို့အပြင် တိုးတက်ဖြစ်ပေါ်လာတဲ့ ကမ်းပါးအခြေအနေအပေါ်မူတည်ပြီးတော့ နှစ်အလိုက်ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရေကြောင်းသွားလာမှုရှိတဲ့ အဓိကမြစ်ကြီးများရဲ့ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘဏ္ဍာငွေလျာထားသတ်မှတ်တောင်းခံပြီးတော့ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ မင်းပြားမြို့ ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်မီနည်းပညာများပံ့ပိုးကူညီမှု ကိုသာဆောင်ရွက်ပေးနိုင်မှာဖြစ်ပြီးတော့ ဘဏ္ဍာငွေရရှိရေးကိစ္စကိုတော့ ရခိုင်ပြည်နယ်အစိုးအရအဖွဲ့အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြတောင်းခံဆောင်ရွက်သွားသင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရဲ့ မေးခွန်းကိုဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဂန့်ဂေါ လေယာဉ်ကွင်းဟာ မကွေးတိုင်း ဂန့်ဂေါမြို့နယ် မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၁၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၇ မိနစ်၊ ပင်လယ်ရေမျက်နှာပြင်အမြင့် ၇၆၆ ပေမှာတည်ရှိပါတယ်။ လေယာဉ်ပြေးလမ်းမှာ အလျား ၃၅၅၀ ပေ၊ အကျယ် ၁၀၀ ပေနှင့် ပြေးလမ်းဦးတည်ရပ်မှာ ၀၅၀ ဒီဂရီ/၂၃၀ ဒီဂရီအနေအထားရှိပြီးတော့ ကြိတ်လိမ့်ထားတဲ့ မြေသားပြေးလမ်းပဲဖြစ်ပါတယ်။ ဂန့်ဂေါလေယာဉ်ကွင်းမှာ ယခင်က အလေးချိန် ၂၈၀၀၀ ပေါင်ခန့်ရှိတဲ့ ဒါကိုတာလေယာဉ်များစတင်ဆင်းသက်အသုံးပြုခဲ့ပြီးတော့ နောက်ပိုင်းမှာ တွင်အော်တာလေယာဉ်များဆင်းသက်အသုံးပြုခဲ့ပါတယ်။ ၁၉၈၄ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်နေ့မှာ ဖော်ကာအက်ဖ် -၂၇ လေယာဉ်နဲ့ဆက်သက်မှုပြုလုပ်ခဲ့တဲ့အခါမှာ ပြေးလမ်းအရှည်နဲ့ ၃၅၅၀ ပေသာရှိတဲ့အတွက် ပြေးလမ်းအလျားမှာ လုံလောက်မှုမရှိတဲ့အတွက်ကြောင့် ဖော်ကာအက်ဖ် - ၂၇ လေယာဉ်ဆင်းသက်နိုင်ခြင်းမရှိတဲ့အတွက် ဂန့်ဂေါလေယာဉ်ကွင်းကို လေယာဉ်ခရီးစဉ်ပြေးဆွဲမှုများရပ်ဆိုင်းခဲ့ရပါတယ်။ အဲ့ဒီနောက် လေယာဉ်ကွင်းကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှုမရှိတော့တဲ့အတွက်ကြောင့်မို့လို့ ပြေးလမ်းမှာ ချိုင့်ခွက်များဖြစ်ပေါ်ခြင်း၊ ခြံစည်းရိုးခတ်ထားမှုမရှိခြင်းစသည့်

ချို့ယွင်းချက်များဖြစ်ပေါ်နေပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာ မကွေးလေယာဉ်ကွင်း၊ ပခုက္ကူလေယာဉ်ကွင်း၊ ကျောက်ထုလေယာဉ်ကွင်းများတည်ဆောက်ထားရှိပြီးတော့ ဂန့်ဂေါမြို့နဲ့ထိစပ်နေတဲ့ ကလေးမြို့မှာ ကလေးလေယာဉ်ကွင်းမှာလည်း စစ်ကိုင်းတိုင်းဒေသကြီးတွင်ရှိပြီးတော့ လေယာဉ်ခရီးစဉ်များကို ပုံမှန်ပြေးဆွဲပေးလျက်ရှိပါတယ်။ ဂန့်ဂေါလေယာဉ်ကွင်းမှာ လက်ရှိမြန်မာ့လေကြောင်းမှာ အသုံးပြုတဲ့လေယာဉ်ငယ်များဆင်း/တက်မည်ဆိုပါက လက်ရှိလေယာဉ်ပြေးလမ်းပြုပြင်ခြင်းလုပ်ငန်းကိုဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်သို့ရန်ပုံငွေတင်ပြတောင်းခံသွားရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် လေယာဉ်ဆင်းသက်မှုအတွက် အပြည်ပြည်ဆိုင်ရာမြို့ပြလေယာဉ်အဖွဲ့ချုပ်မှသတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများနဲ့အညီ ဖြည့်ဆည်းဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တည်ဆောက်ရေးလုပ်ငန်းတွေကို အချိန်ယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဂန့်ဂေါမြို့မှာ ခရီးသွားလုပ်ငန်းကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီးတော့ လေယာဉ်ခရီးစဉ်များပျံသန်းပြေးဆွဲရန် မဖြစ်မနေလိုအပ်လာတဲ့ချိန်မှာတော့ ဂန့်ဂေါလေယာဉ်ကွင်းတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သင့်ပါကြောင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်မှမေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့မှာ လက်ရှိအခြေအနေအရ လေယာဉ်ကွင်းတည်ဆောက်ပြုပြင်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်းမေးမြန်းတဲ့မေးခွန်းအပေါ်မူတည်ပြီးတော့ ပြည်ထောင်စု ဒုတိယဝန်ကြီး ဖြေကြားတဲ့နေရာမှာ သက်ဆိုင်ရာရခိုင်ပြည်နယ်က ဘဏ္ဍာငွေတောင်းရမယ်ဆိုတာ မှန်ပါသလား။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒီဖြေကြားချက်ကို ရခိုင်ပြည်နယ်အစိုးရကို လွှတ်တော်အနေနဲ့ အကြောင်းကြားပေးပါမယ်။ ဒီပေါ်မူတည်ပြီးတော့ ရခိုင်ပြည်နယ်အနေနဲ့လည်း ခုနက ကမ်းပြိုကမ်းထိန်းကိစ္စနှင့်ပတ်သက်လို့ အလေးထားပြီးတင်ပြဖို့ ဆက်လက်ဆောင်ရွက်ခိုင်းပါမယ်။ ဒါကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသိရှိပြီး လိုအပ်တာများပေါင်းစပ်ညှိနှိုင်းပေးဖို့ ဖြစ်ပါတယ်။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဝက် ခြောက်လပတ်အတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နိုင်ငံ လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏပေါင်း၊ ပြည်ထောင်စုလွှတ်တော်အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းခဲ့သော FDI ဥပဒေ၊ နည်းဥပဒေနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအား လေးစားစွာ ဂါရဝပြုနှုတ်ဆက်ပါ တယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြချင်တဲ့မေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်းနဲ့ အကျဉ်းချုပ်ရှင်းလင်းချက်ကလေးပါ ထည့်သွင်းပြောကြားခွင့်ပြုပါခင်ဗျား။ ပထမဦးဆုံး မေးချင်တဲ့မေးခွန်းကတော့ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ပထမ ၆ လပိုင်းအတွင်းမှာ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပမာဏများ အဓိကသိချင်တာကတော့ ဘယ်နိုင်ငံတွေ က ဘယ်လိုလုပ်ငန်းမျိုးပေါ်မှာ စိတ်ဝင်တစားနဲ့ ဘယ်လောက်တောင်ရင်းနှီးမြှုပ်နှံပါသလဲဆိုတာကို သိချင်ပါတယ်။ ဒါကလည်း မကြာခင်မှာ လွှတ်တော်ကို အသေးစိတ်တင်ပြလာမယ့်အခါကျရင်လည်း ထပ်ပြီးလေ့လာပါမယ်။ ခုလောလောဆယ်တော့ သတင်းစာထဲမှာပဲ ကြိုကြားကြိုကြားဖတ်နေရ သလောက်သိပါတယ်။ ဒုတိယမေးချင်တဲ့မေးခွန်းကတော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီး ကနေ အတည်ပြုပြဋ္ဌာန်းပေးလိုက်တဲ့ FDI (Foreign Direct Investment Law) နောက်တစ်ခါ နည်းဥပဒေများနှင့်ပတ်သက်လို့ ရင်းနှီးမြှုပ်နှံသူများရဲ့ အမြင်၊ ရင်းနှီးမြှုပ်နှံသူများရဲ့ တုံ့ပြန်မှု (Respond) ဟာ ဘယ်လိုများ ရှိပါသလဲလို့ မေးတာပါ။ ဥပမာ ဒီဥပဒေဟာကောင်းတယ်၊ သင့်တယ်၊ ညံ့တယ်၊ လုပ်ကိုင်လို့မရဘူးစသဖြင့်ပါပဲ။ ကောင်းတယ်ဆိုရင်တော့ တော်သေးတာပေါ့ ခင်ဗျား။ ညံ့တယ်ဆိုရင်တော့ ပြည်ထောင်စုလွှတ်တော်ကြီးရဲ့ တာဝန်ဖြစ်ပါလိမ့်မယ်။ အဲ့ဒီတော့ လိုအပ်တာ ရှိရင်လည်း ပြင်ဆင်ပေးနိုင်အောင်လို့ မေးမြန်းခြင်းဖြစ်ပါတယ်။ ဥပမာ Foreign Direct Investment Law ဥပဒေမှာဆိုရင် နိုင်ငံခြားသားများကို ၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံမှုအနေနဲ့ ပေးထားပါတယ်။ နိုင်ငံသားများနှင့် ဖက်စပ်ပြီးတော့လည်း စိတ်ကြိုက်ရင်းနှီးမြှုပ်နှံမှုအချိုးအစားနှင့် လည်း ခွင့်ပြုပေးထားပါတယ်။ နည်းဥပဒေမှာကျတော့ တားမြစ်ကန့်သတ်ထားတဲ့ တားမြစ်ကန့်သတ် ချက်တွေအပေါ်မှာ ၈၀ ရာခိုင်နှုန်းအထိ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုလိုက်ရတာရှိပါတယ်။ တားမြစ်ကန့်သတ် ချက်တွေဆိုတာ တိုင်းရင်းသားဓလေ့ထုံးစံများမပျက်စီးရေး၊ သဘာဝဂေဟစနစ်မပျက်စီးရေး၊ ဓာတုနှင့် ဆေးဝါးများကို စမ်းသပ်ထုတ်လုပ်တဲ့အခါမှာ သတိထားဖို့ကိစ္စ၊ လက်ရှိနိုင်ငံသားများလုပ်ကိုင်နေတဲ့

လယ်ယာမြေများနှင့် ပင်လယ်ပြင်ငါးဖမ်းရေးလုပ်ငန်းများ၊ အထူးအရေးကြီးတာကတော့ နယ်စပ်မျဉ်းတွေဟာ တချို့နိုင်ငံ၊ တချို့နယ်နိမိတ်တွေမှာ သေချာမသတ်မှတ်ရသေးတဲ့အတွက်ကြောင့် နယ်စပ်မျဉ်းကနေအတွင်းဘက် ၁၀ မိုင်ကိုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မလုပ်သေးဖို့ဆိုတာတော့ ကျွန်တော်တို့ တားမြစ်ကန့်သတ်ခဲ့ပါတယ်။ ဒါပေမယ့် အဲ့ဒီတားမြစ်ကန့်သတ်ချက်တွေကို ၈၀ ရာခိုင်နှုန်းအထိခွင့်ပြုပေးလိုက်ရတယ်ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ သတိထားဖို့အတွက်၊ စဉ်းစားဖို့အတွက်တင်ပြချင်တာပါ။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးက ပြဋ္ဌာန်းပေးလိုက်တဲ့ဥပဒေတိုင်းဟာ တစ်ဦး တစ်ယောက်အတွက်၊ လူတစ်စုတစ်ယောက်အတွက်မဟုတ်ဘဲနှင့် နိုင်ငံနှင့်နိုင်ငံသားအတွက် လူတန်းစားအတွက် ဥပမာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသဖြင့် အဲ့ဒီအတွက်ကို အများကြီးစဉ်းစားပြီးတော့မှ ခွင့်ပြုပေးခဲ့တဲ့ဥပဒေတွေဖြစ်တဲ့အတွက် တကယ်လို့များ မှားနေရင်၊ လိုအပ်နေရင်ပြန်လည်ပြင်ဆင်နိုင်ဖို့ဆိုတာ လွှတ်တော်ရဲ့တာဝန်ဖြစ်တဲ့အတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ နောက်ဆုံးမေးမြန်းချင်တဲ့မေးခွန်းကတော့ အမိန့်ကြော်ငြာစာ၊ ဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်ပြီးတော့ထုတ်ပြန်လာတဲ့ အမိန့်ကြော်ငြာစာမှာဆိုရင် တချို့မှားယွင်းဖော်ပြထားတဲ့အချက်ကလေးတွေ ရှိပါတယ်။ အနည်းငယ်တင်ပြပါရစေ။ ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်းထဲမှာ လျှပ်စစ်ဓာတ်အား ကုန်သွယ်ခြင်းလုပ်ငန်းဆိုတာက ခွင့်မပြုဘူးလို့ ပြောထားပါတယ်။ တကယ်ကတော့ ပြည်တွင်းထဲမှာထုတ်တဲ့ လျှပ်စစ်ဓာတ်အားများကလည်း တချို့နေရာတွေမှာပိုလျှံလို့ တစ်ဖက်နိုင်ငံတွေကို ရောင်းရတာရှိသလို၊ တချို့နေရာတွေမှာလည်း လိုအပ်လို့ တစ်ဖက်နိုင်ငံကနေ ပြန်ဝယ်ပြီးတော့ပေးနေရတာလည်းရှိပါတယ်။ အဲ့ဒါ ကုန်သွယ်ခြင်းလုပ်ငန်းလို့ ကျွန်တော်နားလည်ထားပါတယ်။ ဒါပေမယ့် ဒီထဲမှာတော့ခွင့်မပြုဘူးလို့ ရေးထားပါတယ်။ နောက်တစ်ချက်က ပုံနှိပ်နှင့် အသံလွှင့်မီဒီယာလုပ်ငန်းများကို ပူးတွဲလုပ်ကိုင်ခြင်း ခွင့်မပြုဘူးလို့ပြောထားတာ။ ပူးတွဲလုပ်ကိုင်ခြင်းခွင့်မပြုရင် တစ်ဦးတည်းလုပ်ရင်တော့ ခွင့်ပြုမလားတော့မသိပါဘူးခင်ဗျား။ ဒါပေမယ့် အနောက်ဘက်မှာတော့ ပြန်ကြားရေးဝန်ကြီး ဌာနကနေဖော်ပြထားတဲ့နေရာမှာတော့ နိုင်ငံခြားဘာသာနှင့် အချိန်မှန်ထုတ်တဲ့ သတင်းစာတွေ၊ စာအုပ်စာတမ်းတွေ၊ FM ရေဒီယို အသံလွှင့်လုပ်ငန်းတွေ၊ Direct to Home (DTH) လုပ်ငန်းတွေ၊ DVD 2 လုပ်ငန်းတွေ၊ ကေဘယ်တီဗွီလုပ်ငန်းတွေ၊ ရုပ်ရှင်နှင့် ရုပ်သံရိုက်ကူးထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းတွေ ခွင့်ပြုထားတာတွေလည်း ပြန်တွေ့ရပါတယ်။ ဆိုတော့ ရှေ့မှာခွင့်မပြုဘူးဆိုပေမယ့် နောက်မှာ ခွင့်ပြုထားပါတယ်။ ဒုတိယအချက်မှာဆိုလို့ရှိရင်လည်း ကျွန်တော်တို့ သစ်တောရေးရာနှင့်ပတ်သက်လို့ ဂျာနယ်တွေ၊ သတင်းစာတွေထဲမှာ အကြိမ်များများတွေ့ရပါတယ်။ ၂၀၁၄

ကျရင်သစ်အလုံးလိုက် တင်ပို့ခွင့်မပြုတော့ဘူးလို့ အကြိမ်ကြိမ်ရေးသားထားတာတွေ့ပါတယ်။ သို့သော်ဒီမှာတော့ သစ်လုံးများထုတ်ယူ၍ ပြည်ပသို့ တင်ပို့ရောင်းချရေးခွင့်ပြုထားပါတယ်။ နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှုများစွာ လိုသောအဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်သည့်လုပ်ငန်း၊ အဲ့ဒီလုပ်ငန်းများကိုလည်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကို ၄၉ ရာခိုင်နှုန်းထက်ပို၍ ခွင့်မပြုပါလို့ ရေးထားပါတယ်။ ကျွန်တော်တို့ အရှေ့က ဥပဒေ၊ နည်းဥပဒေတွေနဲ့ အမိန့်ကြော်ငြာစာမှာထုတ်ပြန်တဲ့ အခါ တချို့ဟာလေးတွေ ဒီလိုလွဲနေတာလေးတွေ ရှိပါတယ်။ သစ်တောနယ်မြေကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောကို နှစ်ရှည်ငှားရမ်းပြီး သစ်ခုတ်လှဲထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ကျွန်တော်တို့ ဆီမှာ သစ်တောတွေ အတော်ကုန်နေတဲ့အပြင် ထပ်ပြီးတော့ စိုက်ပျိုးဖို့ လုပ်ဖို့လိုအပ်နေတဲ့အချိန်မှာ သစ်တောနယ်မြေတွေကို နှစ်ရှည်ငှားရမ်းပြီး သစ်ခုတ်လှဲထုတ်လုပ်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ခွင့်ပြု မယ်လို့လည်း ရေးထားတာတွေတွေ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ စဉ်းစားပြီးတော့ လိုအပ်ရင် ပြင်ဆင်သင့်ပါတယ်လို့ လွှတ်တော်ကြီးကို တင်ပြလိုပါတယ်။ နောက်ဆုံးအချက်အနေနဲ့ တင်ပြချင် တာကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ရေးထားတဲ့နေရာမှာ စိုက်ပျိုးမြေဧရိယာပမာဏ များပြားစွာသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ ခေတ်မီလယ်ယာဖော် ထုတ်လုပ်ရေးလုပ်ငန်း ဒါတွေကို နှစ်ခါ၊ သုံးခါလောက်ထပ်ရေးပြီးတော့ အများကြီးခွင့်ပြုထားတဲ့ အတွက်ကြောင့် လက်ရှိမှာလုပ်ကိုင်နေတဲ့လယ်ယာမြေပြဿနာတွေတောင် ဖြေရှင်းလို့ မပြီးသေးတဲ့ အချိန်မှာ နောက်ထပ်ဒါတွေဟာ မလိုလားအပ်ဘဲနှင့် ပြဿနာဖြစ်လာမှာစိုးတဲ့အတွက် တင်ပြရခြင်း ဖြစ်ပါတယ်။ လာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးဌာနက ဝန်ကြီးကိုလည်း ကျေးဇူးတင်ပါ တယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်ခင်စန်းရီ(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဖြစ်ပါ တယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦး မေးမြန်းထားတဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်ဝက် ၆ လပတ်အတွင်း ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံ

မှုအခြေအနေ နိုင်ငံလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏပေါင်း ပြည်ထောင်စုလွှတ်တော် အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းခဲ့သော FDI (Foreign Direct Investment) ဥပဒေ၊ နည်းဥပဒေနှင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော အမိန့်ကြေညာချက်အပေါ်တွင် ရင်းနှီးမြှုပ်နှံသူများ၏ အမြင်၊ တုန့်ပြန်မှုနှင့် အကြံပြုချက်များရှိပါက ရှင်းပြရန်နှင့် FDI ဥပဒေနှင့်ပတ်သက်၍ ထုတ်ပြန်ခဲ့သော အမိန့်ကြေညာချက်တွင် ပါဝင်ခဲ့သော ဝန်ကြီးဌာနဆိုင်ရာများမှ ထည့်သွင်းခဲ့သည့် ကြေညာချက်များ အပေါ် အမှားများပါဝင်နေ၍ ပြင်ဆင်ထုတ်ပြန်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားမှာဖြစ်ပါတယ်။ ပထမတစ်ပိုင်းဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်ဝက်၆ လပတ်အတွင်းလို့ဆိုတဲ့အတွက် ၂၀၁၃ ခုနှစ် ဇွန်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုခဲ့သည့် ပမာဏဟာ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုနောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှုပမာဏကတော့ ၂.၆ သန်းဖြစ်ပါတယ်။ နောက် စက်မှုလုပ်ငန်း ၁၃ ခု အနက် စက်မှုလုပ်ငန်းမှာ ယခင်ခွင့်ပြုခဲ့ပြီးတာနဲ့ အခုခွင့်ပြုတာပေါင်းလိုက်ရင် ၅၆၉.၄၆၆ သန်း၊ နောက်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတစ်ခု ယခင်ခွင့်ပြုပြီးတာနှင့်ပေါင်းလိုက်ရင် ဒေါ်လာသန်းပေါင်း ၂၂၀ သန်း၊ ဝန်ဆောင်မှုလုပ်ငန်းတစ်ခု ရင်းနှီးမြှုပ်နှံမှုပမာဏကတော့ ၀.၃ သန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းကတော့ ဒေါ်လာ ၁၇.၁၆၆ သန်း၊ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုနှင့်စီးဝင်လာမှုပမာဏ ၁၆ ခုရှိပြီးတော့မှ ၈၁၀ သန်းဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၁၃ ခုနှစ်ထဲမှာပဲ စီးဝင်လာတဲ့ ငွေကတော့ ဒေါ်လာ ၄၈၀ သန်းဖြစ်ပါတယ်။ ဒီတစ်နှစ်အတွင်းမှာ ဝင်လာတယ်။ မနှစ်က ဇွန်လကနေ ဒီနှစ်ဇွန်အထိက ၄၈၀ သန်းဖြစ်ပါတယ်။ နောက် နိုင်ငံအလိုက်ကတော့ အသေးစိတ်ကို ကျွန်မ လွှတ်တော်ကိုယ်စားလှယ်ကြီးကို သီးခြားပေးပါမယ်။ ဒီမှာ အတိုချုပ်ပဲပြောရင် ဩစတြေးလျနိုင်ငံက ၁၇.၁၆၆ သန်း၊ ဘရူနိုင်းနိုင်ငံက လုပ်ငန်းတစ်ခုအတွက် ဒေါ်လာ ၁.၂၃၃ သန်း၊ ကနေဒါက တစ်ခု ၁.၀၉၂ သန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၃ ခု အမေရိကန်ဒေါ်လာ ၄.၈၆ သန်း၊ အိန္ဒိယနိုင်ငံမှ တစ်ခု အမေရိကန်ဒေါ်လာ ၉.၆ သန်း၊ မလေးနိုင်ငံမှ တစ်ခု အမေရိကန် ၃.၅ သန်း၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံမှ တစ်ခု ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ၃၄.၄၇၄ သန်း၊ စင်ကာပူနိုင်ငံမှ ၄ ခု နှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် အမေရိကန်ဒေါ်လာ ၁၃၆ သန်းနှင့် ထိုင်းနိုင်ငံမှ ၃ ခု အမေရိကန်ဒေါ်လာ ၄၁၀ နှင့် ယူနိုက်တက်ကင်းတန်းမှ ၃ ခု ဒေါ်လာ ၅၂.၉၄၉ သန်း ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံကတော့ ရင်းနှီးမြှုပ်နှံမှုထပ်တိုးတာဖြစ်ပြီးတော့မှ ၁၄၀ သန်းဖြစ်ပါတယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကတော့ အဟောင်းရော၊ အသစ်ရော ပေါင်းထားတဲ့ ကိန်းဂဏန်းတွေ ဖြစ်ပါတယ်။ နောက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေနဲ့ကတော့ စက်မှုလုပ်ငန်း ၅

ခုမှာ ရင်းနှီးမြှုပ်နှံမှု ကျပ်သန်းပေါင်း ၁၉၇၅၉.၁၉ သန်း၊ ဟိုတယ်လုပ်ငန်းတစ်ခုမှာ ရင်းနှီးမြှုပ်နှံမှု ပမာဏ ၇၇၀၇၈.၇၀ သန်း၊ ဝန်ဆောင်မှုလုပ်ငန်းမှာ ၅ ခုမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၁၀၄၁၉၅.၁၁ သန်း၊ စက်မှုဇုန်တည်ဆောက်မှုလုပ်ငန်း ၁ ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၅၁၅၀၀ သန်း၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ၁၂ ခုအတွက် ကျပ်သန်းပေါင်း ၁၈၃၂၃၃ သန်းရှိပါတယ်ရှင်။ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့တော့ ဒီနှစ်ပိုင်းမှာ ရင်းနှီးမြှုပ်နှံမှုအတွက် လေ့လာမှု၊ ဆန်းစစ်မှုတွေလုပ်ပြီးတော့မှ တစ်ဖွဲ့ဖွဲ့တဖြည်းဖြည်း ဝင်ရောက်လျက်ရှိပါတယ်။ ဒီနှစ် ၆ လပိုင်းမှာတော့ ဝင်လာတာတွေရှိပါတယ်ရှင်။ ဒုတိယမေးခွန်းဖြစ်တဲ့ အသစ်ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူများက ယခင်ဥပဒေထက် ပိုမို ကောင်းမွန်တဲ့ ဥပဒေအဖြစ်အသစ်ပြဋ္ဌာန်းရမှာလည်း ဖြစ်တဲ့အတွက် ပိုမိုကောင်းမွန်တယ်လို့ ရှုမြင် ကြပါတယ်။ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ကြိုတင်ခန့်မှန်းတွက်ဆနိုင်တဲ့ စီးပွားရေးပတ်ဝန်းကျင် ကောင်းအတွက် လိုအပ်တဲ့ဥပဒေလို့လည်း မျှော်လင့်ထားကြပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများက ဒီလိုဥပဒေအသစ်ထုတ်ပြန်ခဲ့ခြင်းဟာ မြန်မာနိုင်ငံအတွက် မှန်ကန်တဲ့ ပြုပြင်ပြောင်းလဲမှုဖြစ်တယ်။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေမယ်ဆိုတဲ့ဟာကို သုံးသပ်ခဲ့ပါ တယ်။ ဖွံ့ဖြိုးရေးအကူအညီပေးတဲ့ Organization of Economic Coporation and Development (OECD) ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နယ်ပယ်မှာ သိသာထင်ရှားပြုပြင်ပြောင်းလဲမှုဖြစ်ပြီး ဤကဲ့သို့ ပြဋ္ဌာန်းခဲ့ခြင်းကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံဟာ ဆွဲဆောင်မှုပိုမိုကောင်းမွန်လာမယ့်နိုင်ငံ အဖြစ်သို့ ရောက်ရှိလာမယ်လို့ သုံးသပ်ပါတယ်။ ဒါက ဒုတိယမေးခွန်းရဲ့အဖြေဖြစ်ပါတယ်။ တတိယ မေးခွန်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းဦး တင်ပြချက်ကို ထောက်ခံပါတယ်။ ဘာလိုလဲဆိုရင် ဥပဒေ၊ နည်းဥပဒေနဲ့မဟုတ်ဘဲနဲ့ အသစ်ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေနှင့် ဆက်စပ်နေတဲ့ အမိန့်ကြေညာချက်တွေနဲ့ အောက်ခြေမှာလုပ်တဲ့ တကယ်တမ်းလက်တွေ့ (Materialize) လုပ်တဲ့အချိန်မှာ အင်မတန်မှ အရေးကြီးပါတယ်။ အဲ့ဒီမှာ အလုပ်လုပ်ရင်းနဲ့ ခုန ဦးဝင်းဦးတင်ပြတဲ့ အချက်တွေအားလုံးဟာ ဒါအမှားတွေ ဖြစ်နေတယ်၊ ပြန်လည်ပြင်ဆင်ရမယ်ဆို တဲ့ဟာကိုလည်း လက်ခံပါတယ်ရှင်။ ဒါကြောင့် အမိန့်ကြေညာချက်တွေကို ပြန်လည်သုံးသပ်ပြီး လိုအပ် တဲ့ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်ကနေစပြီးတော့ ဝန်ကြီးဌာနများနှင့် လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့်လည်းကောင်း အသေးစိတ်ညှိနှိုင်းပြီးတော့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီးတော့မှ ပြင်ဆင်ချက်မူကြမ်းကိုလည်း ဇူလိုင်လအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြခဲ့ပြီးတော့မှ ထပ်မံပြင်ဆင်လျက်ရှိပါတယ်။ တကယ်လို့ အားလုံးသေချာ ပြင်ဆင်ပြီးရင် ဒီပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို တင်ပြပြီးတော့မှ ပြင်ဆင်ထုတ်ပြန်သွားမှာ ဖြစ်ကြောင်းဖြေကြားပါတယ်။ နောင်မှာလည်း အမိန့်ကြေညာချက်တွေနဲ့ ပတ်သက်ပြီးတော့မှ အရှေ့အနောက်မညီညွတ်တာတွေ ပြန်လည်သုံးသပ်ပြီးတော့မှ လိုအပ်သလို ဆက်လက်ပြင်ဆင်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဟိုပန်မြို့တွင် ခရိုင်နှင့် မြို့နယ်စီမံကိန်းဦးစီးရုံးများကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျင်ဝမ်း(ဟိုပန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် ခရိုင်နဲ့ မြို့နယ်စီမံကိန်းဦးစီးရုံးများအား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့သည် ယခင်က မြို့နယ်အဆင့်ရှိ မြို့တစ်မြို့သာဖြစ်ပြီး ယခုအခါ ၎င်းမြို့သည် ခရိုင်မြို့အဖြစ် အဆင့်တိုးမြှင့်လာခဲ့ပြီး ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ ရုံးစိုက်ရာမြို့တော်လည်း ဖြစ်လာပါတယ်။ ထို့ကြောင့် ဟိုပန်မြို့ပေါ်ရှိ အစိုးရဌာနဆိုင်ရာ ရုံးအသီးသီးကို တိုင်းမြို့တော်၏ အင်္ဂါရပ်နှင့်အညီ ရုံးမြေနေရာသတ်သတ်မှတ်မှတ်ထားရှိ၍ ရုံးအဆောက်အဦများကိုလည်း အဆင့်မြင့်တိုးချဲ့ဆောက်လုပ်လျက်ရှိပါတယ်။ သို့ပါသော်လည်း ဟိုပန်မြို့နယ် စီမံကိန်းဦးစီးရုံးသည် စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံးချုပ်၏ ၂၅-၁၀-၂၀၀၆ ရက်စွဲပါစာအမှတ်၊ စ-၂၆/၀၀၁(၆၂၉၃) ရည်ညွှန်းပါစာအရ ၃၀-၁၀-၂၀၀၆ ရက်နေ့မှစ၍ ဟိုပန် မြို့

(၁၀)ရက်ကွက်ရှိ ပုဂ္ဂလိကပိုင် အိမ်တစ်လုံးကို ငှားရမ်း၍ မြို့နယ်စီမံကိန်းရုံးအဖြစ် ဖွင့်လှစ်ခဲ့ရာ ယနေ့ထိတိုင် ဖြစ်ပါတယ်။ အဆိုပါ ငှားရမ်းတဲ့ ရုံးအတွင်းမှာပဲ ၀ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံကိန်း ဦးစီးရုံးနဲ့ မြို့နယ် စီမံကိန်းဦးစီးရုံးကို တွဲဖက် ဖွင့်လှစ်ထားတဲ့အတွက် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိတဲ့အပြင် တပ်မြို့တော် အင်္ဂါရပ်နဲ့လည်း ညီညွတ်ခြင်းမရှိပါ။ ထို့ကြောင့် ဟိုပန် မြို့နယ်တွင် ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာရုံးများ ဆောက်လုပ်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနပိုင်ဆိုင်သော မြေ ၂၂ ဧကအား ၀ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်၍ ခရိုင်မြို့နယ်စီမံကိန်းရုံး ဆောက်လုပ်နိုင်ရန်အတွက် မြေနေရာ အလျား ၂၀၀ ပေ၊ အနံ ၁၀၀ ပေကိုလည်း သတ်မှတ်ပေးပြီးသား ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဟိုပန်မြို့တွင် ခရိုင်နဲ့ မြို့နယ် စီမံကိန်းဦးစီးရုံးများကို ဆောက်လုပ်ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှိသေလေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဌာနဆိုင်ရာအဆင့်ဆင့်တွင် မည်သို့သော အကြောင်းကြောင့် ဝန်ထမ်းဖွဲ့စည်းပုံအတိုင်း ပြည့်မီအောင် ခန့်ထားခြင်းမရှိသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ အခု မေးမြန်းမယ့်ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့၏ ဝန်ကြီးဌာနတိုင်းကနေပြီးတော့မှ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းနဲ့ပြည်နယ်အဆင့်၊ ဗဟိုအဆင့်တွေမှာ ဝန်ထမ်းဖွဲ့စည်းပုံအတိုင်း ပြည့်မီအောင်မခန့်ထားနိုင်တဲ့အတွက် ဝန်ထမ်းတွေအနေနဲ့ အခက်အခဲတွေ့နေရပါတယ်။ တချို့က သုံးပုံနှစ်ပုံ ၇၀ ရာခိုင်နှုန်းစသဖြင့် မှုရှိတယ်လို့လည်း ပြောဆိုသံတွေ ကြားနေရပါတယ်။ ဤကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဌာနတိုင်းမှာ လုပ်ငန်းဆောင်တာတွေ လုပ်တဲ့အခါမှာ လိုက်မမီတဲ့ ဝန်ထမ်းတွေကလည်း အခက်အခဲတွေ့နေပါတယ်။ ဘွဲ့ရလက်မှတ်တွေကို ကိုင်ဆောင်ထားပြီးတော့ အလုပ်ကို မျှော်လင့်စောင့်စားနေကြတဲ့ ကျောင်းသားကျောင်းသူတွေကလည်း သိလိုကြပါတယ်။ ပြီးတော့ တစ်မြို့နယ်မှာမှ ဆရာဝန်တစ်ယောက်စ နှစ်ယောက်စ ကျောင်းတစ်ကျောင်းမှာမှ ဆရာ တစ်ယောက်စ နှစ်ယောက်စရှိတဲ့ဒေသတွေက ပြည်သူတွေကလည်း သိချင်နေကြပါတယ်။ နိုင်ငံက ဆင်းရဲလို့ လွှတ်တော်က ဘတ်ဂျက်ကို ဖြတ်တောက်လို့ ဆိုပြီးတော့မှ ပြောဆိုဝေဖန်နေတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များကလည်း သိလိုကြပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့က မေးချင်တာကတော့ ဌာနဆိုင်ရာတိုင်းမှာ ဘာလို့ ဒီလိုဝန်ထမ်းတွေကို ဖွဲ့စည်းပုံအတိုင်း ပြည့်မီအောင် မခန့်

ထားနိုင်တာလဲဆိုတာကို ရှင်းပြပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်ခင်စန်းရီ(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဟိုပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း မေးမြန်းတဲ့ ဟိုပန်မြို့နယ်တွင် ခရိုင်နှင့် မြို့နယ်စီမံကိန်းဦးစီးရုံးများကို ဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိမေးခွန်းနဲ့ ပတ်သက်ပြီး အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်မ အနေနဲ့ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဟိုပန်မြို့မှာ ခရိုင်နဲ့မြို့နယ်စီမံကိန်းဦးစီးရုံးများကို ဆောက်လုပ်ရန် အစီအစဉ် ရှိပါတယ်။ ဟိုပန်မြို့မှာ အဆိုပါရုံးများ ဆောက်လုပ်ရန် ပေ ၂၀၀x ပေ ၁၀၀ အကျယ်ရှိအကွက် မြေနေရာကို ရုံးနေရာချထားရေးကော်မတီမှ သတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်ရှင်။ မြေစာရင်းပုံစံ (၁၀၅)ရရှိရေးအတွက်လည်း ရှမ်းပြည်နယ်၊ စီမံကိန်းနဲ့ စီးပွားရေး ဝန်ကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ယင်းပုံစံ ၁၀၅ ရရှိပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရုံးဆောက်လုပ်ရန်အတွက် အဆိုပြုမှာဖြစ်ပြီး အမြန်ဆုံး ဆောက်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင့်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းတင်သွင်းတဲ့ ဌာနဆိုင်ရာအဆင့်ဆင့်တွင် ဝန်ထမ်းများကို အလုပ်ခန့်ထားရာ၌ မည်သို့သော အကြောင်းကြောင့် ဝန်ထမ်းဖွဲ့စည်းပုံအတိုင်း ပြည့်မီအောင် ခန့်ထားခြင်းမရှိသည်ကို သိရှိလိုသည့်မေးခွန်းနှင့်စပ်လျဉ်းပြီး ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနများမှာ အထူးသဖြင့် ကုန်ထုတ်လုပ်တဲ့လုပ်ငန်းရှိတဲ့ဌာနများမှာ ဝန်ထမ်းဖွဲ့စည်းပုံအတိုင်း အပြည့်ခန့်ထားခြင်းမပြုဘဲနဲ့ ကုန်ကျစရိတ်နဲ့ ဝင်ငွေအချိုးညီညွတ် ကောင်းမွန်စေရန် တွက်ချက်ပြီး တော့ လုပ်ငန်းပမာဏနဲ့ လျော်ညီတဲ့ဝန်ထမ်းနဲ့လုပ်သားဦးရေကိုသာ ခန့်ထားဆောင်ရွက်ခဲ့တဲ့ကိစ္စတွေ ရှိပါတယ်။ လူမှုရေးနဲ့ စီမံခန့်ခွဲရေးရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိတဲ့ ဝန်ကြီးဌာနများမှာတော့

ရုံးလုပ်ငန်းနဲ့ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုတို့ကို တိုးတက်အောင် လုပ်ဆောင်ပြီးတော့မှ ဝန်ထမ်းဦးရေကို တွက်ချက်ခန့်ထားလျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အစိုးရအဖွဲ့အစည်းဌာနမျိုးမှာ လုပ်ငန်းစွမ်းဆောင်ရည်မြင့်တင်နိုင်ရေးအတွက် e-Government စနစ် တစ်ခုဖြစ်လာနိုင်ရေးဆောင်ရွက်လျက်ရှိတဲ့အတွက် တကယ်လို့ လုပ်ငန်းအဖွဲ့အစည်းမှာ နည်းပညာတွေ တိုးတက်ပြီး စွမ်းဆောင်ရည်မြင့်မားလာပါက ဝန်ထမ်းပိုလျှံမှုများ မြစ်ပေါ်စေရေးအတွက်လည်း ချင့်ချိန်စဉ်းစား ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့်လည်း လူမှုစီးပွားဖွံ့ဖြိုးဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိတဲ့ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနများရဲ့ ဖွဲ့စည်းပုံကို အပြည့် ခန့်ထားဖို့ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ရပ်ရွာတည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာနကိုလည်း ဖွဲ့စည်းပုံအပြည့် ခန့်ထားဆောင်ရွက်ရန် ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့ ဖွဲ့စည်းပုံအတိုင်းဝန်ထမ်းအပြည့်ခန့်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပေမယ့် ဝန်ထမ်းတွေ အလုံအလောက်မရတာ နောက်တစ်ခါ ဘတ်ဂျက်နဲ့ တွက်ချက်နေရသေးတာကြောင့် ဒါတွေဟာဝန်ထမ်းအပြည့် မခန့်နိုင်သေးတာပဲ ဖြစ်ပါတယ်။ ဝန်ထမ်းအပြည့်ခန့်နိုင်ရေး ပြည့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါပေမယ့် တခြားဝန်ကြီးဌာနများမှာတော့ မိမိတို့ လုပ်ငန်းလိုအပ်ချက်အရ ကုန်ကျစရိတ်၊ ဘတ်ချက်လိုငွေ၊ ပိုငွေနှင့် နောက်တစ်ခါ အကျိုးနှင့်ရလာဒ်(Cost & Benefit)များကို ချင့်ချိန်ပြီးတော့မှ လက်ရှိဖွဲ့စည်းပုံထက် ပိုမိုခန့်ထားရန် လိုအပ်ပါကလည်း သတ်မှတ်ထားတဲ့ နည်းလမ်းနှင့်အညီ ဝန်ထမ်းအင်အား လိုအပ်တဲ့ ပမာဏအထိ ခန့်ထားနိုင်တယ်ဆိုတဲ့အကြောင်းနဲ့ ဖွဲ့စည်းပုံကိုလည်း လိုအပ်ပါက ပြင်ဆင်ရေးဆွဲနိုင်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီး တင်ပါတယ်။ (သြဘာသံများ)

**ရွှေတောင်မြို့နယ်ရှိ အ.ထ.က(ခွဲ) တရုတ်မှော်၊ အ.မ.က (စမ်းချောင်း)၊ အ.မ.က (လက်ပံပု)၊ အ.မ.က (ရွာကုန်း) အခြေခံပညာကျောင်းများ ပြုပြင်/အသစ်တည်ဆောက်ရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ကြွရောက်လာကြသောပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်

တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှင့် မင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးမြန်းလိုတာက ရွှေတောင်မြို့နယ်ရှိ အ.ထ.က(ခွဲ) တရုတ်မှော်၊ အ.မ.က(စမ်းရွာ)၊ အ.မ.က(လက်ပံပု)၊ အ.မ.က(ရွာကုန်း) အခြေခံပညာ ကျောင်းအဆောက်အဦများကို ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ (၁) ရွှေတောင်မြို့နယ် တရုတ်မော်ကျေးရွာအုပ်စုရှိ အ.ထ.က(ခွဲ)၁ တရုတ်မှော်သည် ကျောင်းသားဦးရေ ၂၁၂ ဦး ပညာသင်ကြားနေသော ကျောင်းတစ်ကျောင်းဖြစ်ပါသည်။ အဆိုပါကျောင်း၊ ကျောင်းဆောက်ကို ၁၉၇၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအချိန်၌ ထိုကျောင်း ဆောင်သည် ကြမ်းခင်းများဆွေးမြေ့ပျက်စီးနေခြင်း၊ အမိုးများခိုင်ခံ့မှုအားနည်းလာခြင်း၊ ထိုကဲ့သို့ အမိုးများခိုင်ခံ့မှု အားနည်းကာမိုး၊လေမလုံတော့ခြင်း၊ မျက်နှာကျက်များ ဆွေးမြေ့ပျက်စီးခြင်းများဖြစ်ပေါ်နေ၍ ပြန်လည်ပြုပြင်ဆောင်ရွက်သင့်သောကြောင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါသည်။ (၂) ရွှေတောင်မြို့နယ် ကသစ်တိုင်းအုပ်စု၊ (စမ်းရွာ)အ.မ.ကသည် ကျောင်းသားကျောင်းသူ ၄၄ ဦး ပညာသင်ကြားလျက်ရှိသော ကျောင်းဖြစ်ပါသည်။ အဆိုပါကျောင်းဆောင်သည် ၁၉၈၃ ခုနှစ်တွင် ရပ်ရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ခဲ့သော သစ်သား၊ ဝါးထရံကာ၊ ကြမ်းခင်းမပါသည့် မြေစိုက်အဆောက်အဦ ဖြစ်ပါတယ်။ နှစ် ၃၀ သက်တမ်းရှိပြီဖြစ်သော အဆိုပါကျောင်းအား နိုင်ငံတော် အထောက်အပံ့ဖြင့် ကျောင်းဆောင်သစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကိုသိလို၍ မေးမြန်းအပ်ပါသည်။ (၃) ရွှေတောင်မြို့နယ် သရက်သုံးပင်ကျေးရွာအုပ်စု၊ လက်ပံပု အ.ထ.ကသည် ကျောင်းသားကျောင်းသူ ၁၂၀ ပညာသင်ကြားလျက်ရှိသော ကျောင်းဖြစ်ပါသည်။ ထိုကျောင်းကို ၁၉၇၅ ခုနှစ်တွင် အလျား ပေ ၉၀၊ အနံ ၃၃ ပေ၊ အုတ်စီတစ်ဖက်ချော မြေကြမ်းခင်းဖြင့် ဆောက်လုပ်ခဲ့ပါသည်။ ဥက္ကဋ္ဌကြီးရှင့်။ ဤကျောင်း၏နောက်ဆုံးအခြေအနေကို အနည်းငယ်ဖြည့်စွက်၍ တင်ပြခွင့်ပြုပါ။ ယခုအခါမှာ ဧရာဝတီမြစ်ရေတိုက်စားကမ်းပြိုမှုကြောင့် မြစ်ကမ်းပါးနှင့် ထိုလက်ပံပု အ.မ.ကသည် ၅၁ ကိုက်သာ ဝေးကွာတော့ပါသည်။ ကျောင်းခြံစည်းရိုးနှင့် အကွာအဝေးမှာ ၆ ကိုက်သာဝေးကွာပါတော့သည်။ ၃-၂-၂၀၁၃ ရက်နေ့က ဧရာဝတီမြစ်ကမ်းပြိုခဲ့သော ကျီးသဲအုပ်စု၊ မြောင်လှကျေးရွာ၏တောင်ဘက်တွင်ကပ်လျက်ရှိသော ဤလက်ပံပုရွာသည်လည်း ၁၀-၃-၂၀၁၃ နေ့တွင် ကမ်းပြိုသောကြောင့် လူနေအိမ် ၄ လုံးရွှေ့ပြောင်းခဲ့ရပါသည်။ ထိုမြစ်ကမ်းပြိုကျမှုရဲ့အကျိုးဆက်အဖြစ်နဲ့ လက်ပံပုရွာ အခြေခံမူလတန်းကျောင်းအဆောက်အဦ၏

ရှေ့မျက်နှာစာနံရံတွင် အမြင့် ၈ ပေ ၆ လက်မ၊ အကျယ် ၅ လက်မ ရှိသောအက်ကွဲကြောင်း ၄ ကြောင်း၊ ကျောင်း၏နောက်ကျောဘက်နံရံတွင် အမြင့် ၄ ပေ၊ အကျယ် ၁ လက်မ ရှိအက်ကွဲကြောင်း ၄ ကြောင်း၊ ညာဘက်နံရံတွင် အမြင့် ၁၅ ပေ၊ အကျယ် ၃ လက်မရှိသော အက်ကွဲကြောင်းများဖြင့် အောက်ခြေမှ အမိုးထိကွဲအက်နေပါသည်။ အမိုးထုံးဒိုင်းများမှာလည်း ကွဲအက်နိမ့်ကျ နေပါသည်။ မြေသားများ အလျားလိုက်ကွဲအက်နေပြီး အန္တရာယ်ရှိအဆောက်အဦအဖြစ်သို့ ရောက်ရှိနေသဖြင့် ကျောင်းသူကျောင်းသားများအားလုံး ဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းပညာသင်ကြားနေရပါသည်။ ဒေသမှ မြစ်ကမ်းပါးနှင့် ကိုက် ၂၅၀ အကွာ မူလကျောင်း၏ အရှေ့ဘက်၊ ရွာ၏အရှေ့ဘက်လည်းဖြစ်သော မြေနေရာ၌ ဧရိယာ ၀.၈၁ ဧကရှိ မြေနေရာကို ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် မြေစာရင်းပုံစံ (၁၀၅) ဖြင့် မှတ်ပုံတင် ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုလက်ပံပုရွာ အ.မ.ကကို နိုင်ငံတော်အစီအစဉ်ဖြင့် ကျောင်းဆောင်သစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ (၄) ရွှေတောင်မြို့နယ်၊ ဇယ်မအုပ်စု ရွာကုန်းအမကသည် ကျောင်းသား/ကျောင်းသူ ၃၀ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်း ဖြစ်ပြီး အဆိုပါကျောင်းဆောင်တွေနဲ့ဒေသမှာ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့သော ကျောင်းဆောင် ဖြစ်ပါသည်။ ယခုအခါတိုင်များအခြေပျက်ခြင်း၊ အကာနံရံများကွဲအက်လာခြင်းတို့ကြောင့် ပြိုကျလာ နိုင်သည့် အန္တရာယ်ကိုစိုးရိမ်နေရပါသဖြင့် ကျောင်းဆောင်သစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။ ကျွန်မတင်ပြခဲ့သည့် အခြေခံပညာကျောင်းများကို ပြုပြင်ရန်၊ အသစ်တည်ဆောက်ရန် အစီအစဉ်များရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်နည်း သိလိုပါသောကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါသည်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနကဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာစန်းလွင်(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့် ရဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒေါက်တာဒေါ်အေးမြင့်ရဲ့ မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်အတွင်းမှာရှိတဲ့ (တရုတ်မှော်)

အ.ထ.က(ခွဲ)၊ (စမ်းရွာ) အ.မ.က၊ (လက်ပံပု) အ.မ.ကနှင့် (ရွာကုန်း) အ.မ.ကတို့အတွက် ပြုပြင်အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်းများကို ပြင်ဆင်ခြင်း၊ တိုးချဲ့ကျောင်းဆောင်များ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့နေရာမှာ အန္တရာယ်ရှိကျောင်းဆောင်များ၊ ဥပမိရုပ်မကောင်းသောကျောင်းများ၊ ကျောင်းသားဦးရေနှင့်စာသင်ခန်း မျှတမှုမရှိသောကျောင်းများဆိုပြီး ခွဲခြားပြီးတော့ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တို့က ပထမအသေးစိတ်စိစစ်ပါတယ်။ အဲဒီနောက်မှာတော့ သက်ဆိုင်ရာဦးစီးဌာနများက ထပ်မံစိစစ်ပါတယ်။ သက်ဆိုင်ရာဦးစီးဌာနများရဲ့ ထပ်မံစိစစ်တင်ပြချက်များအပေါ်မှာ အခြေခံပြီးတော့ ငွေလုံး၊ ငွေရင်း တည်ဆောက်ရေးခေါင်းစဉ်အောက်မှာ ဘဏ္ဍာငွေထည့်သွင်း တွက်ချက်လျာထားရပါတယ်။ ငွေလုံး၊ ငွေရင်း တွက်ချက်ထည့်သွင်းခြင်းကိုလည်း ဘဏ္ဍာရေးနှစ်တစ်နှစ်မှာ တစ်ကြိမ်ပဲဆောင်ရွက်နိုင်ပါတယ်။ ဒါ့အပြင် လက်ရှိဘဏ္ဍာရေးနှစ်အတွက် ငွေလုံး၊ ငွေရင်း အသုံးစရိတ်ကို လက်ရှိဘဏ္ဍာရေးနှစ်မှာ တွက်ချက်၊ ထည့်သွင်း၊ ရေတွက်၍မရပါ။ ဥပမာအားဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံး၊ ငွေရင်း အသုံးစရိတ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ အပြီးရေးဆွဲရခြင်းပဲဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ငွေလုံး၊ ငွေရင်း ခေါင်းစဉ်အောက်ကနေပြီးတော့ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းအတွင်း ဦးစားပေးအစီအစဉ်အရ အခြေခံပညာကျောင်းပေါင်း ၂၁၀ အတွက် ကျောင်းဆောင်သစ်များဆောက်လုပ်ရန် လျာထားပြီးဖြစ်ပါတယ်။ သုံးစွဲမယ့်ရန်ပုံငွေကတော့ ကျပ်သန်း ၄၉၂၈ သန်းဖြစ်ပါတယ်။ အဲဒီကျောင်းပေါင်း ၂၁၀ မှာ ရွှေတောင်မြို့နယ်အတွင်းက အခြေခံပညာကျောင်းပေါင်း ၁၃ ကျောင်းအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း ပါဝင်ပါတယ်။ သုံးစွဲမယ့်ဘဏ္ဍာငွေပမာဏကတော့ ကျပ် ၂၅၉.၂ သန်း ဖြစ်ပါတယ်။ ယခုအချိန်ထိမှာတော့ ယခုတင်ပြလာတဲ့ (တရုတ်မျော်) အ.ထ.က(ခွဲ)၊ (စမ်းရွာ) အ.မ.က၊ (လက်ပံပု) အ.မ.ကနဲ့ (ရွာကုန်း) အ.မ.ကတို့အတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ကျေးတပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအားပြုပြင်ဆောက်လုပ်နိုင်ပါရန်အတွက် ရန်ပုံငွေချထားပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မက ရခိုင်ပြည်နယ် ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေဖြစ်ပါတယ်။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်ရှိ ကျေးတပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းပြင်ဆင်ဆောက်လုပ်နိုင်ရန် ခွင့်ပြုရန်ပုံငွေချထားပေးတာကိုသိရှိရတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပညာရေးဝန်ကြီးဌာနကို ကျေးတပင်ကျေးရွာများကိုယ်စား ကျွန်မက အထူးပဲကျေးဇူးတင်ရှိပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဆမ္မဆယ် အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးပါရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(နောင်ချိုမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ နောင်ချိုမြို့နယ်၊ ဆမ္မဆယ်ကျေးရွာဟာ နောင်ချိုမြို့နယ် ဆမ္မဆယ်အုပ်စုမှာတည်ရှိပြီးတော့ အိမ်ခြေ ၄၆၀၊ လူဦးရေ ၂၁၃၁ ဦးရှိသောကျေးရွာဖြစ်ပါတယ်။ ဆမ္မဆယ် အခြေခံပညာအလယ်တန်းကျောင်းမှနှစ်စဉ် အဋ္ဌမတန်းကျောင်းသား ၄၀ ခန့်အောင်မြင်ပြီး အထက်တန်းပညာကို ငွေကြေးတတ်နိုင်သူများ၏ သားသမီးသာ သွားရောက်သင်ကြားနိုင်ပါတယ်။ အ.ထ.က(နောင်ချို)နဲ့ ၁၅ မိုင်ခန့်ကွာဝေးတဲ့နေရာဟာလည်း သွားလာရာမှာအလွန်ခက်ခဲပါတယ်။ ကျောင်းအတွက်လိုအပ်တဲ့မြေဧရိယာ ၅.၄၈ ဧက ပိုင်ဆိုင်ထားပြီး လိုအပ်သောကျောင်းဆောင်၊ ပရိဘောဂများစုံလင်စွာရှိပြီးတော့မှ ပညာရေးကိုအားပေးတဲ့ကျေးရွာတစ်ရွာဖြစ်ပါတယ်။ အထက်တန်းကျောင်းခွဲဖွင့်လှစ်ခွင့်ပြုမည်ဆိုပါက ပတ်ဝန်းကျင်ကျေးရွာမှတက်ရောက်နိုင်သည့် ကျောင်းသားအင်အားများစွာရှိပါတယ်။ သို့ဖြစ်ပါ၍ နောင်ချိုမြို့နယ်၊ ဆမ္မဆယ် အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲသို့တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိမည်ဆိုပါက မည်သည့်အချိန်ကာလတွင်ခွင့်ပြုပေးနိုင်မည်ကို ဖြေကြားပေးပါရန် ပြည်သူ့

လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပေါက်ခေါင်းမြို့နယ်တွင်ရှိသော စာသင်ကျောင်းများအားပြန်လည်ပြုပြင်မွမ်းမံပေးနိုင်မှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးဟန်(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ပေါက်ခေါင်းမြို့နယ်မှာရှိတဲ့ ကျေးရွာများရှိစာသင်ကျောင်းများဟာ ကျောင်းဥပဓိရုပ်နှင့် အင်္ဂါရပ်များမညီညွတ်သောကျောင်းများ ရှိနေပါသဖြင့် ပြန်လည်ပြုပြင်ပေးနိုင်မှုရှိ/မရှိဆိုတဲ့မေးခွန်းမေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါက်ခေါင်းမြို့နယ်တွင်ရှိသောကျေးရွာများမှ စာသင်ကျောင်းများဟာ ကျောင်းဥပဓိရုပ်နှင့် အင်္ဂါရပ်များမညီညွတ်သောကျောင်းများရှိနေပါတယ်။ အုပ်စုပေါင်း ၃၀ မှာကျောင်းပေါင်း ၅၅ ကျောင်းရှိပါတယ်။ နောက်ဆက်တွဲပါဇယား၌ဖော်ပြထားတဲ့ကျောင်းတို့တွင် အမိုးရှိသော်လည်း အကာမရှိခြင်း၊ ယိုင်နေခြင်း၊ အခင်းများမပြည့်စုံခြင်း၊ သန့်ရှင်းသော အိမ်သာများ မရှိခြင်း၊ မြေထပ်တွင်သာသင်ကြားနေရခြင်းတို့ကြောင့် ပညာသင်ကြားရာမှာ ကျောင်းဆရာဆရာမများ၊ မိဘပြည်သူများနှင့် အနာဂတ်ရင်သွေးငယ်လေးများရဲ့ ပညာရေးအတွက် စိတ်အားငယ်မှုများဖြစ်နေကြပါတယ်။ ဒါကြောင့် ၎င်းကျောင်းများအား ဥပဓိရုပ်ကောင်းမွန်ပြီး ကျောင်းအင်္ဂါရပ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်သော ခေတ်မီကျောင်းများပြုပြင်မွမ်းမံပေးရန်လိုအပ်နေပါသည်။ ထိုကျောင်းများဟာ လမ်းပန်းဆက်သွယ်မှုခက်ခဲသော တောင်ပေါ်ဒေသများဖြစ်ခြင်း၊ ဒေသခံများသည်လည်း တောင်သူလယ်သမားများဖြစ်ပြီး ဝင်ငွေနည်းခြင်း၊ ပညာရေးကိုစိတ်ဝင်စားသော်လည်း စားဝတ်နေရေးအတွက် အားဖြည့်နေရခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုအားနည်းရခြင်းဖြစ်ပါတယ်။ ပေါက်ခေါင်းမြို့နယ်တွင် ရှိသောကျေးရွာများမှာ စာသင်ကျောင်းများ ကျောင်းဥပဓိရုပ်နှင့် အင်္ဂါရပ်များမညီညွတ်သော ကျောင်းများကို ပြန်လည်ပြုပြင်ပေးလျှင် ကျောင်းသားကျောင်းသူများအတွက် ပညာရည်မြင့်မားပြီး ဖွံ့ဖြိုးတိုးတက်သော လူငယ်လေးများဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ကျောင်းဥပဓိရုပ်နှင့် အင်္ဂါရပ်များမညီညွတ်သောကျောင်းများကို ပြန်လည်ပြုပြင်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မညီညွတ်သောကျောင်းများကိုပြုပြင်မွမ်းမံပေးရာမှာ နိုင်ငံတော်မှကူညီပံ့ပိုးနိုင်ခြင်းရှိ/မရှိကို လေးစား

အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးလက်နေကျောင်းသားကျောင်းသူများ၏မိဘများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန်တို့ရဲ့မေးခွန်းများကို တစ်ပေါင်းတည်းတစ်စည်းတည်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာ စန်းလွင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပထမဦးစွာ ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့မေးခွန်းကတော့ နောင်ချိုမြို့နယ်ရှိ ဆမ္မဆယ် အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနမှကျောင်းတွေကို နှစ်စဉ်အဆင့်တိုးမြှင့်ပေးလျက်ရှိပါတယ်။ ဒီလို အဆင့်တိုးမြှင့်ပေးနိုင်ဖို့ရာအတွက် ပထမဦးဆုံး ကျောင်းသားဦးရေ၊ နယ်မြေဒေသအခြေအနေတွေကို အသေးစိတ်စိစစ်ပြီးတော့ ဦးစားပေးတိုးမြှင့်ပေးမည့်အစီအစဉ်ကိုရေးဆွဲရပါတယ်။ ဒီလို အသေးစိတ်စိစစ်ခြင်းနှင့် ဦးစားပေးအစီအစဉ်သတ်မှတ်ခြင်းတို့ကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် သက်ဆိုင်ရာဦးစီးဌာနတို့ကဆောင်ရွက်ပါတယ်။ ပညာရေးဝန်ကြီးဌာနကတော့ စိစစ်ပြီးထွက်ပေါ်လာတဲ့ ဦးစားပေးအစီအစဉ်ကိုအခြေခံပြီး ကျောင်းများကိုအဆင့်မြှင့်ပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းများကိုအဆင့်မြှင့်တင်ပေးတဲ့နေရာမှာ ပညာသင်နှစ်တစ်နှစ်လျှင် တစ်ကြိမ်သာဆောင်ရွက်နိုင်ပါတယ်။ အဲ့ဒီလို အဆင့်တိုးမြှင့်ခြင်းကို တစ်ကြိမ်ထက်ပိုပြီးဆောင်ရွက်မယ်ဆိုလို့ရှိရင် ပေါ်ထွက်လာတဲ့လစ်လပ်နေရာတွေအတွက် ဆရာဆရာမများကို ပြောင်းရွှေ့ရခြင်း၊ ရာထူးတိုးမြှင့်ပေးရခြင်းတို့အတွက် သင်ကြားရေးအစီအစဉ်များကိုထိခိုက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းများအဆင့်တိုးမြှင့်ပေးခြင်းကို ပညာသင်နှစ်တစ်နှစ်မှာ တစ်ကြိမ်ပဲဆောင်ရွက်ပါတယ်။ ယခု ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းမှာ ဦးစားပေးအစီအစဉ်အရ အခြေခံပညာကျောင်းပေါင်း ၄၀၅ ကျောင်းကို အဆင့်များတိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီအဆင့်မြှင့်ပေးခဲ့တဲ့ကျောင်း ၄၀၅ ကျောင်းမှာ နောင်ချိုမြို့နယ်အတွင်းက အခြေခံပညာကျောင်းပေါင်း ၁၃ ကျောင်းပါဝင်ပြီးဖြစ်ပါတယ်။

သို့သော်လည်းပဲ ယခုတင်ပြခဲ့တဲ့ကျောင်းကတော့ မပါဝင်သေးကြောင်းတွေ့ရှိရပါတယ်။ ဒါ့အပြင် နောင်ချိုမြို့နယ် ဆမ့္ဆယ်အခြေခံပညာအလယ်တန်းကျောင်းကို အခုလောလောဆယ်မှာတော့ အခြေခံပညာအထက်ကျောင်းခွဲအဖြစ် တိုးမြှင့်ပေးရန်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအေးဟန်၊ ပေါက်ခေါင်းရဲ့မေးခွန်း ဆက်လက်ဖြေပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစန်းလွင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်ရဲ့မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်ရဲ့မေးခွန်းကတော့ ပေါက်ခေါင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်း ၅၅ ကျောင်းကို ပြန်လည်ပြုပြင်မွမ်းမံပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်ရဲ့မေးခွန်းပါ ဆောင်ရွက်ရန်ကိစ္စများမှာ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဟာဆိုလို့ရှိရင် ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်အေးမြင့်ရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားစဉ်ကပါဝင်ခဲ့သော လုပ်ငန်းစဉ်နဲ့တစ်ထပ်တည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနရဲ့ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းတည်ဆောက်ရေး ခေါင်းစဉ်အောက်ကနေပြီးတော့ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းအတွင်း ဦးစားပေးအစီအစဉ်အရ အခြေခံပညာကျောင်းပေါင်း ၂၁၀ အတွက် ကျောင်းဆောင်သစ်များတည်ဆောက်ပေးမှာဖြစ်ပါတယ်။ သုံးစွဲရန်လျာထားတဲ့ ဘဏ္ဍာငွေကတော့ ကျပ်သန်း ၄၉၂၈ သန်းဖြစ်ပါတယ်။ အဆိုပါကျောင်းအသစ်တည်ဆောက်ပေးမယ့် ကျောင်းပေါင်း ၂၁၀ မှာ ပေါက်ခေါင်းမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၂၀ အပါအဝင်ဖြစ်ပါတယ်။ သုံးစွဲမည့်ဘဏ္ဍာငွေကတော့ ကျပ် ၄၅၃.၆ သန်း ဖြစ်ပါတယ်။ အဆိုပါကျောင်း ၂၀ ထဲမှာ အခုတင်ပြလာတဲ့ကျောင်း ၅၅ ကျောင်းထဲကနေပြီးတော့ ဖွဲ့ကွင်း အခြေခံပညာမူလတန်းကျောင်း ပါဝင်ကြောင်းတင်ပြအပ်ပါတယ်။ ကျန်တဲ့ ၅၄ ကျောင်းအတွက်ကတော့ ပြုပြင်အသစ်တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးအေးဟန်(ပေါက်ခေါင်းမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နည်းနည်းလေး မေးချင်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တင်ပေးထားတဲ့ ကျောင်းတွေက အင်မတန် ဝေးလံ ခက်ခဲတဲ့ ဒေသတွေမှာ ကျွန်တော်တို့ အစည်းအဝေး ဖြုတ်တဲ့အချိန်မှာ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေး အတွက် သွားတဲ့အခါမှာ သူတို့ရဲ့အသံတွေ နားထောင်ပြီးတော့ ကျွန်တော်တို့ အမှန်တကယ် တင်ပြတာဖြစ်ပါတယ်။ အခု ကျွန်တော့်မေးခွန်းကလည်း ဘယ်ခုနှစ်၊ ဘယ်ကာလရယ် လို့မပါပါဘူး။ ကျန်တဲ့လာမယ့်နှစ်တွေမှာ လျာထားသတ်မှတ်မယ်လို့ ပြောရင် ဟိုမှာလည်း ကျွန်တော် ပြောလို့အဆင်ပြေမှုရှိပါတယ်။ အဲ့ဒါလေးကို နည်းနည်းလေးအချိန် သတ်မှတ်ပေးဖို့ပါ။ အားလုံးကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဖြေမလားဝန်ကြီးဌာနက။

**ဒေါက်တာစန်းလွင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ဝန်ကြီးဌာနတွေ အနေနဲ့ကတော့ ကတိကဝတ်ပေးပြီးရင် မဖြစ်မနေဆောင်ရွက်ရပါတယ်။ ကျွန်တော်ကတော့ ယောင်ဝါးဝါးကတိကဝတ်မပေးလိုပါဘူး။ ကျွန်တော်အတတ်နိုင်ဆုံး ကတိပေးနိုင်တာကတော့ ကျွန်တော် အဲ့ဒီကျောင်းတွေ နောက်နှစ်တွေနောက်နှစ်တွေမှာ ပါလာအောင် ကျွန်တော် ဒုတိယဝန်ကြီး အနေနဲ့ အတတ်နိုင်ဆုံးကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားသွားပါမယ်ဆိုတာ ကတိပြုပါကြောင်း တင်ပြပြန်လည်ဖြေရှင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးအေးဟန် ဒါဆိုရင်တော့ သဘောပေါက်ပြီထင်ပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၆-၇-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ် ပါတယ်။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ အပိုဒ်ခွဲ (ခ)အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ်

ဆွေးနွေးရန်အဆို တင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၉-၈-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး စာရင်းပေးပို့ရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၆-၇-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန်ဖြန့်ဝေထားကြောင်း အသိပေးတင်ပြပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော ရေကြောင်းအတားအဆီးများအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ဖြစ်သော ၉-၇-၂၀၁၃ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်းအသိပေးခြင်း၊ (၁၃) ရက်မြောက်နေ့ဖြစ်သော ၂၃-၇-၂၀၁၃ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၂၉-၇-၂၀၁၃ ရက်နေ့ တနင်္လာနေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေးချက်ကို တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦး

မျှမရှိပါ။ ဒါ့ကြောင့် ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော မြစ်ကျဉ်းသွားလာမှု အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော မြစ်ကျဉ်းသွားလာမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ဖြစ်သော ၉-၇-၂၀၁၃ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်းအသိပေးခြင်း၊ (၁၃) ရက်မြောက်နေ့ဖြစ်သော ၂၃-၇-၂၀၁၃ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၉-၇-၂၀၁၃ ရက်နေ့ တနင်္လာနေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေးချက်ကို တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမှမရှိပါ။ ဒါ့ကြောင့် မြစ်ကျဉ်းသွားလာမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် မြစ်ကျဉ်းသွားလာမှု အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူ

ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (က) အရ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အသင်းအဖွဲ့ဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီအား တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကိုယ်စား အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်းကို အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ (ဂ) မှာပါရှိတဲ့ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများအနေဖြင့် ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့်ပတ်သက်ပြီးတော့ နိုင်ငံသားတိုင်းရဲ့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့် မဆန့်ကျင်ဘူးဆိုလျှင် လွတ်လပ်စွာဆောင်ရွက်နိုင်ဖို့အတွက် ဒီမိုကရေစီနိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေတဲ့ အသင်းအဖွဲ့တွေ စည်းကမ်းတကျနှင့် အားကောင်းစွာဖြစ်ပေါ်လာဖို့ အသင်းအဖွဲ့များရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးနိုင်ဖို့ ရည်ရွယ်ချက်တွေနဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ထုတ်ပြန်ခဲ့တဲ့ ဥပဒေအမှတ် (၆/၈၈) ကိုရုပ်သိမ်းပြီးတော့ ဆောင်ရွက်သွားမယ့်ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေအတွက် ပြည်သူလူထု NGO, INGO တို့ရဲ့အကြံပြုချက်များကိုဆွေးနွေးဆောင်ရွက်လျက်ရှိတဲ့အပြင် ၉-၈-၂၀၁၃ ရက်နေ့မှာ အသင်းအဖွဲ့အားလုံးရဲ့ အကြံပြုချက်များကို ရယူခြင်း၊ ယခုလ ဒုတိယပတ်မှာ ရန်ကုန်မြို့တော်မှာ အသင်းအဖွဲ့ကွန်ရက်တွေနဲ့ဆွေးနွေးခြင်း၊ တတိယပတ်မှာ နေပြည်တော်မှာ အသင်းအဖွဲ့ကွန်ရက်များနှင့် ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီအသင်းအဖွဲ့များရဲ့ ဆွေးနွေးခြင်းကို စောနိုင်သမျှ စောအောင်ဆောင်ရွက်ရင်းနဲ့ တစ်ဖက်က လွှတ်တော်ဥပဒေပြုလုပ်ငန်းများ မကြန့်ကြာစေဖို့

အတွက်လည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီဥပဒေဟာ နိုင်ငံတစ်ဝန်း အထူးစိတ်ဝင်စားစွာ ပါဝင်ဆွေးနွေးနေကြခြင်းဟာလည်း တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံး၊ အသင်းအဖွဲ့အားလုံးနှင့်ပတ်သက်နေတဲ့အတွက် ပြည်သူလူထုအတွက် အရေးကြီးတဲ့ ဒီဥပဒေကို လွှတ်တော်အတွင်းမှာ ဆွေးနွေးအကြံပြုပေးနိုင်ကြဖို့ အသင်းအဖွဲ့များဆိုင်ရာဥပဒေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေရာမှာ တစ်ဆက်တစ်စပ်တည်း တင်ပြလိုတာရှိပါတယ်။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးပေးပို့တဲ့ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲ့ဒီနောက် မကြာမီမှာပဲ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကပေးပို့လာတဲ့ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် ၁၈-၇-၂၀၁၃ ရက်နေ့က လွှတ်တော်သို့ အဆိုတင်သွင်းခဲ့ရာ ထိုအဆိုကို ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက မိမိတင်သွင်းခဲ့တဲ့ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တစ်ပေါင်းတည်းဆွေးနွေးသင့်ပါကြောင်း တင်ပြခဲ့ပါတယ်။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး တင်သွင်းတဲ့ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပါအချက်များနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းတဲ့ အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်းပါ အချက်တို့ဟာ သဘောတရားချင်းတူညီတဲ့အတွက် တစ်ပေါင်းတည်း ဆွေးနွေးသင့်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးတင်သွင်းတဲ့ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီကတင်သွင်းတဲ့ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းနှင့် တစ်ပေါင်းတည်း ဆွေးနွေးသွားရန် ဆုံးဖြတ်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးတင်သွင်းတဲ့ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းတဲ့ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းနှင့် တစ်ပေါင်းတည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကကော်မတီက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (ခ)အရ အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်ဖြစ်ပါတယ်။ ကျွန်မမှ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အသင်းအဖွဲ့ များဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ ဥပဒေကြမ်းကော်မတီကိုယ်စား ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အသင်းအဖွဲ့ များဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ ရှိချက်အစီရင်ခံစာတင်ပြခြင်း-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး တင်သွင်းသော အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်း အား ၂၆-၆-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့တွင် လွှတ်တော်မှ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ထို့အတူ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှလည်း အသင်းအဖွဲ့များဆိုင် ရာ ဥပဒေကြမ်းကို ၁၈-၇-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့တွင် လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် တင်သွင်းခဲ့ပြီး ဦးတင်မောင်ဦးက ထောက်ခံရာတွင် ၂၆-၆-၂၀၁၃ ရက်နေ့က လွှတ်တော်မှ လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။ ၎င်း၏အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်

ဥပဒေကြမ်းအား ဤဥပဒေကြမ်းနှင့်အတူ တစ်ပေါင်းတည်း လက်ခံဆွေးနွေးရန် တင်ပြခဲ့ရာ လွှတ်တော်မှလည်း သဘောတူဆုံးဖြတ်ခဲ့ပါသည်။

၃။ ဦးတင်မောင်ဦး တင်သွင်းသည့် ဥပဒေကြမ်းတွင် အခန်း ၅ ခန်းနှင့် ပုဒ်မပေါင်း ၁၀ ခုပါရှိပြီး၊ ဥပဒေကြမ်း၏ ပြင်ဆင်လိုသည့်အချက်များအပေါ်တွင် ရည်ရွယ်ချက်၊ အကျိုးအကြောင်း ဖော်ပြချက်များနှင့်တကွ ပြုစုထားခြင်းသည် ဥပဒေအသစ်တစ်ခုပြဋ္ဌာန်းရန် တင်ပြချက်မျိုးဖြစ်နေပြီး၊ ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်၏ ရေးထုံးနှင့် ညီညွတ်မှုမရှိပါသဖြင့် ဆက်လက်ဆောင်ရွက်ရန်မလိုအပ်ကြောင်းတွေ့ရှိရပါသည်။

၄။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းလာသော အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကို ဥပဒေကြမ်းတွင် အခန်း (၁၀) ခန်းနှင့် ပုဒ်မပေါင်း ၂၆ ခုပါရှိပါသည်။ ဤဥပဒေကြမ်းသည် အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော အသင်းအဖွဲ့များကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များကိုလည်းကောင်း အားပေးကူညီနိုင်ရန် ရည်ရွယ်ပြုစုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၆-၇-၂၀၁၃ ရက်နေ့တွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် လက်ခံရရှိသော အကြံပြုချက်များကို ထည့်သွင်းစဉ်းစားကာ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ ညှိနှိုင်းစိစစ်ခဲ့ရာ ပြင်ဆင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဃ) ရှိ ရပ်ရွာအေးချမ်းသာယာရေး စကားရပ်နောက်တွင်နှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစကားရပ်ဖြင့် ဖြည့်စွက်၍ ဆန္ဒတူသည့် လူအများစကားရပ်ကို ဆန္ဒတူညီသည့် လူအများဟုလည်းကောင်း၊ အသင်းအဖွဲ့ စကားရပ်အားအသင်း၊ အဖွဲ့ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၂) ပုဒ်မ ၂ ပုဒ်မခွဲ (င) ရှိနိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းကိုဆိုသည့် စကားရပ်တွင် နိုင်ငံတကာအစိုးရမဟုတ်သော စာသားမလိုအပ်၍ ပယ်ဖျက်ပါသည်။

(၃) အခန်း (၂) ခေါင်းစဉ်အား ရည်ရွယ်ချက်ကို ပြင်ဆင်ပါသည်။

(၄) ပုဒ်မ ၃ ပုဒ်မခွဲ (ခ) ရှိ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်းအဖွဲ့များကို စကားရပ်အား ရှေ့နောက် ပြောင်းလဲ၍ ဆီလျော်အောင် အသင်းအဖွဲ့များကို သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီဟု ပြင်ဆင်ပါသည်။

(၅) အခန်း (၄) ပုဒ်မ ၇ ပုဒ်မခွဲ (က) အား အသင်းအဖွဲ့အဖြစ်ဖွဲ့စည်းခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း ဖွဲ့စည်းခွင့်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်ဟု ပြင်ဆင်ပါသည်။

(၆) ပုဒ်မ ၇ ပုဒ်မခွဲ (ခ) အား ဖွဲ့စည်းခွင့်ရရှိသည့် အသင်းအဖွဲ့သည် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၇) ပုဒ်မ ၇ ပုဒ်မခွဲ (ခ) အား ပုဒ်မခွဲ (ဂ) အဖြစ် ပြင်ဆင်၍ ရက်ပေါင်းကိုးဆယ် စာသားအားရက်ပေါင်း ၉၀ ဟု ပြင်ဆင်ပါသည်။

(၈) အခန်း (၅) ပုဒ်မ ၉ ပုဒ်မခွဲ (က) အား ရှေ့နောက်ညီညွတ်မှုရှိစေရန် အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၉) ပုဒ်မ ၉ ပုဒ်မခွဲ (ခ) အား မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့သည် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၀) ပုဒ်မ ၉ ပုဒ်မခွဲ (ခ) အား ပုဒ်မခွဲ (ဂ) အဖြစ် အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခွင့် မပြုကြောင်း ရက်ပေါင်း ၉၀ အတွင်း ပြန်ကြားစာကို လျှောက်ထားသူအား ပြန်ကြားရမည်ဟု ပြင်ဆင်ပါသည်။

(၁၁) အခန်း (၆) ပုဒ်မ ၁၀ ပုဒ်မခွဲ (က) အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၁၂) အခန်း (၇) ပုဒ်မ ၁၂ ရှိ နိုင်ငံတကာစကားရပ်အား နိုင်ငံတကာအစိုးရမဟုတ်သော ဟုလည်းကောင်း၊ ရက်ပေါင်းခြောက်ဆယ် စကားရပ်အား ရက်ပေါင်း ၆၀ ဟု ပြင်ဆင်ပါသည်။

(၁၃) အခန်း (၈) ပုဒ်မ ၁၄ ရှိ အသင်းအဖွဲ့အဖြစ်ဖွဲ့စည်းခြင်း သို့မဟုတ် အသင်းအဖွဲ့အဖြစ်ရပ်တည်လှုပ်ရှားဆောင်ရွက်ခြင်းမပြုရ စကားရပ်အစား အသင်းအဖွဲ့၏လုပ်ငန်းများကိုဆောင်ရွက်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၁၄) ပုဒ်မ ၁၆ ရှိ နိုင်ငံတကာစကားရပ်အား နိုင်ငံတကာအစိုးရမဟုတ်သောဟု ပြင်ဆင်ပါသည်။

(၁၅) အခန်း (၉) ပုဒ်မ ၁၈နှင့် ပုဒ်မ ၂၀ တို့ရှိ သုံးနှစ် စကားရပ်အား တစ်နှစ်ဟုလည်းကောင်း ငါးသိန်း စကားရပ်အား သုံးသိန်းဟုပြင်ဆင်ပါသည်။

(၁၆) ပုဒ်မ ၂၂ အား မည်သူမဆို ဤဥပဒေအရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် ၎င်းပြစ်မှုကို ထပ်မံကျူးလွန်လျှင် ထိုသူကို အဆိုပါပြစ်မှုတွင် ပြဋ္ဌာန်းထားသော အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၁၇) အခန်း (၁၀) ပုဒ်မ ၂၃ ရှိ လှုပ်ရှားဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိလျှင်စကားရပ်အား လုပ်ကိုင်ဆောင်ရွက်လျှင်ဖြစ်စေ၊ ကျော်လွန်ဆောင်ရွက်လျှင်ဖြစ်စေဟု ပြင်ဆင်ပါသည်။

(၁၈) အခန်း (၁၀) တွင် ပုဒ်မ ၂၄ အဖြစ် ဤဥပဒေအရ ဖွဲ့စည်းခွင့်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် ခွင့်ပြုစဉ်က ခွင့်ပြုခဲ့သည့် မူလရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင် ဗဟိုအဖွဲ့သို့ ထပ်မံတင်ပြ၍ ခွင့်ပြုချက်ရယူရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၉) ပုဒ်မ ၂၇ အဖြစ် ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၆/၈၈) အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားရှိသော အသင်းအဖွဲ့များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များအဖြစ် မှတ်ယူရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ အညီ အစီရင်ခံတင်ပြအပ်ပါသည်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ တင်သွင်းသည့် အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်အဆိုပြုတင်သွင်းဆွေးနွေးလိုကြသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၈-၈-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈) ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၈) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]